ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့ (20-12-2011) (၆၇၇၉)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။




မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး

## စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဂျီအမ်အက်စ်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၁၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် ဂျီအမ်အက်စ်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များအား ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Banquet Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။**

### တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းတို့နှင့်အတူ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတိုက်ပင်းကော်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဇနီး၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဂျီအမ်အက်စ်ဝန်ကြီးများနှင့် အခြားဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များအား မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) အဝင်ခန်းမ၌ တစ်ဦးချင်း ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### တည်ခင်းဧည့်ခံ

ထို့နောက် Banquet Hall ၌ အစိုးရအဖွဲ့အကြီးအကဲများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဂုဏ်ပြုညစာစားပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ အနုပညာရှင်များက တေးသံသာများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၂၀-၁၂-၂၀၁၁[အင်္ဂါနေ့]။

# ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး

ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏မြို့တော် နေပြည်တော်၌ စတင်ကျင်းပနေပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများနှင့် ဂျီအမ်အက်စ်နိုင်ငံများမှ ဝန်ကြီးများ၊ အခြားဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများအား မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကာကျင်းပပေးသည့် ထိပ်သီးအစည်းအဝေးဖြစ်သည်။

ယခုကျင်းပသည့် ထိပ်သီးအစည်းအဝေးသည် မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် ဘင်း(မ်)စတက်ထိပ်သီးအစည်းအဝေး၊ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ ၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် အကြိုဆောင်ရွက်နိုင်မှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

အစည်းအဝေးတွင် ဂျီအမ်အက်စ်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကွန်ဖရင့်၊ စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း အခမ်းအနားများသာမက ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းခြင်း အစီအစဉ်များကိုပါ စုံစုံလင်လင်ပါရှိရာ ဘက်ပေါင်းစုံပြည့်စုံကောင်းမွန်သည့် နိုင်ငံတကာအဆင့်မီ ထိပ်သီးအစည်းအဝေးကြီးတစ်ရပ် ဖြစ်ပေသည်။

ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား အိမ်ရှင်ပီသစွာဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ လိုက်လံပျူငှာဖော်ရွေစွာ ကြိုဆိုမှုများမှာ ကြည်နူးဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံမှ အကြီးအကဲများကို လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေး၌ ဆွေမျိုးပေါက်ဖော်အဆင့်မှ ဘက်စုံမဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်နိုင်ငံအဖြစ် တိုးမြှင့်နိုင်မှု၊ နှစ်နိုင်ငံကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်နေမှု၊ ပြည်တွင်းနိုင်ငံရေး၊ ပြည်ပဆက်ဆံရေး တို့နှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့သည်။

ထို့အပြင် ဂျီအမ်အက်စ်စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲကို ကျင်းပရာတွင် မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံတို့မှ စီးပွားရေးကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင် ၂၅၀ တို့ တက်ရောက်ပြီး မဲခေါင်ဒေသတွင်း ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအာမခံချက်နှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးတက်ရေးတို့ကို ဆွေးနွေးနိုင်ခဲ့သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရခဲ့သည့် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးမှတစ်ဆင့် မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံတို့ ရင်းနှီးချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပွင့်လန်းလာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ဂျီအမ်အက်စ်အဆင့်မြင့်အရာရှိကြီးများ၏ အပြီးသတ်လုပ်ငန်းအဖွဲ့အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC) Delegates Listening Room(1)၌ ကျင်းပစဉ်။**
(သတင်းစဉ်)

# ဂျီအမ်အက်စ်အဆင့်မြင့်အရာရှိကြီးများ အပြီးသတ်လုပ်ငန်းအဖွဲ့ စည်းဝေး



**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် ဂျီအမ်အက်စ်အဆင့်မြင့်အရာရှိကြီးများ၏ အပြီးသတ်လုပ်ငန်းအဖွဲ့အစည်းအဝေး (Final Meeting of the Task Force for the Fourth GMS Summit)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Delegates Listening Room(1) ၌ ကျင်းပသည်။

အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

ရှေးဦးစွာ အစည်းအဝေးသဘာပတိ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မြတ်မြတ်စိုးနှင့် ပူးတွဲသဘာပတိ အာရှဖွံ့ဖြိုးရေးဘဏ်မှ ညွှန်ကြားရေးမှူး Mr. Arjun Goswame တို့က အဖွင့်အမှာစကားပြောကြားကြသည်။

## ညှိနှိုင်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသည့် အဆင့်မြင့်အရာရှိကြီးများသည် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးအတွက် အပြီးသတ်ကြိုတင်ပြင်ဆင်သည့် ကိစ္စရပ်များဖြစ်သည့် ခေါင်းဆောင်များထံသို့ တင်ပြရန်ကိစ္စရပ်များ၊ ထိပ်သီးအစည်းအဝေးတွင် ပါဝင်ဆွေးနွေးမည့်အကြောင်းအရာများနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

# ဂျီအမ်အက်စ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ ကျင်းပ

**ဂျီအမ်အက်စ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Delegates Listening Room (2) ၌ ကျင်းပစဉ်။**
(သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ဂျီအမ်အက်စ် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ (GMS Business and Investment Conference) ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Delegates Listening Room (2) ၌ ကျင်းပသည်။

အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးသဘာပတိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဂျီအမ်အက်စ် စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ Mr. Sun Anmin တို့က အဖွင့်အမှာစကားပြောကြားကြသည်။



## ဆွေးနွေး

ထို့နောက် အစည်းအဝေးပထမပိုင်းအစီအစဉ်၌ မဲခေါင်ဒေသတွင်း ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်၌ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအာမခံချက်နှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးတက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။ (သတင်းစဉ်)

# အမျိုးသားစာပေဆု ချီးမြှင့်ပွဲအခမ်းအနား နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတိုက်ပင်းကော် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတိုက်ပင်းကော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတိုက်ပင်းကော်နှင့်အတူ Minister of Finance H.E. Xie Xuren၊ Chairman of Guangxi Zhuang Autonomous Region H.E. Ma Biao၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆက်လက်၍ အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက် လုံခြုံရေးအတွက် သက်ဆိုင်သည့်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ညှိနှိုင်းဆွေးနွေးကြသည်။



ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက မြန်မာနိုင်ငံက ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ် အာဆီယံ ဥက္ကဋ္ဌတာဝန် လက်ခံဆောင်ရွက်ရာတွင် လိုအပ်ချက်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကူညီပေးမည့်ကိစ္စအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ၂၀၁၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် (၉)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ Country of Honour အဖြစ် တက်ရောက်ပါရန် ဖိတ်ကြားခြင်းကို လက်ခံပါကြောင်းဖြင့် ပြန်လည်ပြောကြားခဲ့သည်။

(သတင်းစဉ်)

**တွေ့ဆုံဆွေးနွေး**

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတိုက်ပင်းကော် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်၊ ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ဟံသာဝတီ ဂေါက်ကွင်း၌ ကျင်းပသော ပထမအကြိမ် ဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက် ညနေတွင် ကျင်းပရာ တာဝန်ရှိသူများက ပြိုင်ပွဲအလိုက် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အသင်းလိုက် တတိယဆုရ ဥဿာ (င) အသင်းနှင့် ဒုတိယဆုရ Southern Star အသင်းတို့အား ဆုများချီးမြှင့်ပြီး အသင်းလိုက် ပထမဆုရ ပြည်(က) အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဆုငွေများ ချီးမြှင့်ခဲ့သည်။ **(ယာပုံ)**

(သတင်းစဉ်)



## ပခုက္ကူ၌ သစ်တောအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

**ပခုက္ကူ ဒီဇင်ဘာ ၁၉**

ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် (၂၀၁၁)မြန်မာ့သစ်တော သီတင်းပတ် အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ပခုက္ကူမြို့ အထက(၂) ပိတောက်ဆောင် ခန်းမ၌ ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အလားတူ မြန်မာ့သစ်တော သီတင်းပတ်အဖြစ် ပခုက္ကူမြို့နယ် ကျွဲတဲအုပ်စု အောင်ချမ်းသာကွက်သစ်တွင် အရိပ်ရအပင်များဖြစ်သော တမာပင်နှင့် ကုက္ကိုပင် ၂၀၀ ခန့် စိုက်ပျိုးခြင်း၊ ပခုက္ကူ-ရေစကြိုကားလမ်း လမ်းဘေး ဝဲယာ တစ်လျှောက်၌ စိုက်ပျိုးထားသော ကျွန်းပင်များနှင့် စက်မှုဇုန်ရှိ မူလတန်းကျောင်းတွင်း၊ ကျောင်းပြင် သစ်ပင်များအား ပေါင်းရှင်းခြင်း၊ မြေဩဇာကျွေးခြင်း၊ မြေတောင်မြှောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၅၇၁)



**ပေးအပ်လှူဒါန်း**

**ဒီဇင်ဘာ ၂၄၊ ၂၅ ရက်တို့တွင် ကျင်းပမည့် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် တင်းတိန်ရုံထန်းတောဗောဓိအထက်တန်းကျောင်း၏ မြတ်ဆရာပူဇော်ပွဲအတွက် ရန်ကုန်မြို့နေ ကျောင်းသားဟောင်း Supper IQ မှ Senior Sayar ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်သန်းသန်းဝင်းက အလှူငွေကျပ်နှစ်သိန်းကို ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၁၂-၂၀၁၁ (အင်္ဂါနေ့)**

AM & PM
၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ကာလသတို့သားဆုံးမခန်း" တရားတော် (အောင်စကြာ ဆရာတော် အရှင်စန္ဒသိရီ)
၆း၁၀ ဆည်းကပ်တိုင်းအကျိုးစုံသည် တန်ခိုးဂုဏ်ကြီးမြတ်လှတဲ့ မဟာသံ့သာရရုပ်ရှင်တော်မြတ်
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆၁)**
၇း၁၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန်ရာ" (အပိုင်း-၁၄)**
၈း၅၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၆)
၈း၅၅ Miss Now How 2011(Part-3)
၉း၁၅ Cartoon Show Time
၁၀း၀၀ စိန်ရတနာခမ္မာစရိယ စာသင်တိုက်၏ iPad ပိဋကသုံးပုံလှူဒါန်းပူဇော်ပွဲ
၁၀း၁၅ Activities in The City
၁၀း၅၀ Celebrity Style
၁၁း၁၀ ရန်ကုန်မြင်ကွင်းကျယ်
၁၁း၂၅ ဘုန်းတော်ပြည့် ကျန်းမာရေးဆေးပေးခန်း
၁၁း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၃၅)**
၁၂း၂၅ အရုဏ်ဦးမှာ အလှူမင်္ဂလာ. . . "မိုလ်ဘိုင်း" ဆွမ်းလောင်းအသင်းပါ
၁၂း၄၀ ဝက်ခြံနှင့်အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာဆွေးနွေးခန်း
၁း၀၀ "ကာလသတို့သားဆုံးမခန်း" တရားတော် (အောင်စကြာ ဆရာတော် အရှင်စန္ဒသိရီ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရယ်စရာဖေးရှင်း (အတုကြီးပါဗျို့)
၂း၅၀ အထက(၂)တာမွေ မြတ်ဆရာပူဇော်ပွဲ
၃း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆၁)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန်ရာ" (အပိုင်း-၁၄)**
၄း၅၅ မော်လမြိုင် GTI, GTC, GTU ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၅း၁၅ (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ (သုတေသနစာတမ်းဖတ်ပွဲ)
၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၃၅)**
၆း၀၀ MRTV-4 သတင်း
၆း၁၅ e LIFE အင်အားပြည့်ဝသော ဘဝအတွက် ကျန်းမာရေးဒိုင်းကာ
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၆၂)**
၇း၃၅ Celebrity Choice
၈း၀၀ MRTV-4 သတင်း
၈း၃၀ အနုပညာမိုးကောင်းကင်
၈း၅၀ Aikido ကစားနည်း (အပိုင်း-၁)
၉း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၇)
၉း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန်ရာ" (အပိုင်း-၁၅)**
၁၀း၂၅ The Champion of Dance
၁၁း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (ဇာတ်သိမ်းပိုင်း)**
၁၁း၃၅ ကလေးများ၏ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်သန်း)
၁၁း၅၅ World of Knowledge
၁၂း၄၅ လှမ်းလာခဲ့ပါ. . . နောင်အင်းလေးကကြိုနေမှာ
၁း၀၅ ခရီးပျော်တို့လမ်းညွှန်ရာ (မြို့ရွှေနေပြည်တော်) (အပိုင်း-၁)
၁း၃၀ **နောက်မကျရအောင်** (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၁း၄၀ Box Office Movies(300)
၂း၁၀ ရိုးရာအလုပ်မှာ နှီးတောင်းနှီးဖျာ
၂း၂၅ အတ္တရံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
၂း၃၀ ခံစားမှုရသစုံလင်. . . အမျိုးသားကန်တော်ကြီးဥယျာဉ်
၂း၅၀ Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
၃း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၁၀ လီဆူးသဘာဝရိုးရာအလှ
၄း၄၅ သာသနာပျိုးခင်း
၅း၀၀ အစီအစဉ်ပြီး။

# နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

## တစ်နှစ်လျှင် ပြည်တွင်းခရီးသည် နှစ်သန်း၊ ပြည်ပခရီးသည် သုံးသန်း စုစုပေါင်းခရီးသည် ငါးသန်းကို ဝန်ဆောင်မှုပေးနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်တွင် ၂၀၀၉ ခုနှစ် ဧပြီ ၇ ရက်မှစတင်၍ တည်ဆောက်အကောင်အထည်ဖော်ခဲ့သည့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီးကို ယနေ့အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။**

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို မြန်မာ့ဝေဟင်ပိုင်နက်အား တစ်လက်မ မကျန် အသုံးချနိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို လေကြောင်းကဏ္ဍမှ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန်၊ နိုင်ငံတကာ လေကြောင်းလိုင်းများမှ မည်သည့် လေယာဉ်အမျိုးအစားကိုမဆို ဆင်းသက်ခွင့်၊ ရပ်နားခွင့်နှင့် ဖြတ်ကျော်ပျံသန်းခွင့်တို့ကို ဆောင်ရွက်ပေးနိုင်ရန်၊ ဆင်းသက်ရပ်နားနေသည့် လေယာဉ်များအတွက် လောင်စာဆီဖြည့်တင်းခြင်း၊ ခရီးသည်များအတွက် အစားအသောက်ဖြည့်တင်းခြင်း၊ စက်ကိရိယာပိုင်းဆိုင်ရာ ချို့ယွင်းမှုများ ပြင်ဆင်ခြင်းကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန်၊ အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းများ ပေးပို့/လက်ခံခြင်းကိစ္စရပ်များကို လေကြောင်းမှ လျင်မြန်လွယ်ကူစွာ သယ်ယူပို့ဆောင်ပေးနိုင်ရန်၊ နိုင်ငံတကာနှင့် စီးပွားရေး၊ လူမှုရေး၊ သံတမန်ရေးဆက်ဆံမှုများ တိုးမြင့်ဆောင်ရွက်လာသည်နှင့်အမျှ တိုးတက်လာသော နိုင်ငံတကာခရီးသည် ဝင်ထွက်သွားလာမှု သိပ်သည်း ထူထပ်လာခြင်းအပေါ် အဆင်ပြေချောမွေ့စေရေး ဖြေရှင်းပေးနိုင်ရန်၊ နေပြည်တော်ကို ဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လွယ်ကူစွာ သွားလာနိုင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို သွက်လက်လျင်မြန်စွာ ဆောင်ရွက်သွားနိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။





ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် တရုတ် ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော် ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်တို့ နေပြည်တော် အပြည်ပြည် ဆိုင်ရာ လေဆိပ် ကမ္ပည်းမော်ကွန်း ကို Touch Globe ဖြင့် ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။**
(သတင်းစဉ်)





**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။**
(သတင်းစဉ်)

နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ် ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် အဆိုပါလေဆိပ် အဆောက်အအုံ ပထမထပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်တို့ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ရောက်ရှိလာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တရုတ်နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံ ပထမထပ်ရှိ ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် ပြည်ပထွက်ခွာ/ဆိုက်ရောက်ခန်းမဆောင်သို့ ရောက်ရှိနေရာယူကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တရုတ်နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်တို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ် ကမ္ပည်းမော်ကွန်းကို Touch Globe ဖြင့် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်များအနက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် အဆောက်အအုံသည် ၄၂၃၂၁၆ စတုရန်းပေ၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသည် ၄၆၇၆၁၈ စတုရန်းပေ ကျယ်ဝန်းပြီး ယခုဖွင့်လှစ်လိုက်သည့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသည် ၆၆၀၃၄၇ စတုရန်းပေ ကျယ်ဝန်းကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတ၊ တရုတ်နိုင်ငံတော်ကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လေဆိပ် ကမ္ပည်းမော်ကွန်းရှေ့၌ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယ သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ တရုတ် နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်နှင့် အဖွဲ့ဝင်များသည် Buggy ယာဉ်ငယ်များဖြင့် လေဆိပ် အဆောက်အအုံအတွင်းရှိ ပြည်ပထွက်ခွာ/ ဆိုက်ရောက် ခရီးသည်များနားနေဆောင်၊ ပြည်တွင်း ထွက်ခွာ/ဆိုက်ရောက်ခရီးသည်များနားနေဆောင်၊ စီးပွားရေးအထူးပုဂ္ဂိုလ်ခန်းမ၊ ကူးပြောင်းခရီးစဉ်နေရာနှင့် Check-in Counter တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယခုဖွင့်လှစ်လိုက်သည့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပြေးလမ်း ပေ (၁၂၀၀၀ × ၂၀၀)၊ လေယာဉ်ရပ်နားနေရာ ပေ(၁၂၀၀×၉၀၀) (ကွန်ကရစ်)၊ လေယာဉ်ကွေ့ရန်နေရာ ပေ(၃၅၀×၁၅၀) နှစ်ခု၊ ပြေးလမ်းအထူ ၂၆ လက်မ၊ ပြေးလမ်းခံနိုင်အား ပေါင် ၈၇၃၀၀၀၊ လေဆိပ်အဆောက်အအုံ အရေးကြီးပုဂ္ဂိုလ် နားနေဆောင် (၁၉၅× ၁၃၀)ပေ၊ ခရီးသည် အဆောက်အအုံ (၉၆×၆၀) ပေတို့ကို ထည့်သွင်းတည်ဆောက်ထားသည်။ တစ်နှစ်လျှင် ပြည်တွင်း ခရီးသည် နှစ်သန်း၊ ပြည်ပခရီးသည် သုံးသန်း စုစုပေါင်းခရီးသည် ငါးသန်းကို ဝန်ဆောင်မှုပေးနိုင်ပြီး လေယာဉ်ဆိုက်ကပ်နိုင်သော ခရီးသည်ပေါင်းကူးတံတား ၁၀ စင်းပါဝင်ကာ တစ်နှစ်လျှင် လေယာဉ်စင်းရေ ၅၀၀၀၀ မှ ၆၅၀၀၀ အထိ ဆိုက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



**နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တွေ့ရစဉ်။**
(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

**❒ ကျော်ဖုံးမှ**

မစ္စတာ တိုက်ပင်းကော်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ တက်ရောက်သည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး၌ ဆွေမျိုးပေါက်ဖော်အဆင့်မှ ဘက်စုံမဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံအဖြစ် တိုးမြှင့်နိုင်ခဲ့မှု၊ နှစ်နိုင်ငံကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်နေမှု၊ ပြည်တွင်းနိုင်ငံရေးနှင့် ပြည်ပဆက်ဆံရေးအခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အစည်းအဝေး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်ဆွေးနွေးမှာကြား

ရန်ကုန် ဒီဇင်ဘာ ၁၉

**ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ယုဇနတာဝါရှိ အဆိုပါကော်မရှင်၏ ရန်ကုန်(ရုံးခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များက ဦးစားပေးဆောင်ရွက်သင့်သည့် ဥပဒေရေးရာကိစ္စရပ်များကို တင်ပြကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်၊ ပြည်သူ့လွှတ်တော်ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် သက်ဆိုင်ရာကော်မတီအတွင်းရေးမှူးများ၊ အဖွဲ့ဝင်များက ကော်မရှင်အလိုက်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာထံ ရှေ့နေကြီး ဦးမြသိန်းက ဥပဒေရေးရာနှင့် သက်ဆိုင်သည့် စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အစည်းအဝေး၌ ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၂-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ ဓမ္မနုဂ္ဂဟဓမ္မကဉ္စာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၂၅ ၉။ "GMS(ပေါင်းစည်းချစ်ကြည် မဲခေါင်မြစ်နဒီ)"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု)
(ရူပဗေဒ)
၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၁၅ ၇။ "သတိတစ်ချက်၊ တစ်သက်အမှား"
၅း၃၀ ၈။ ရင်မှာစွဲထင် တေးအလှသံစဉ်
၅း၄၀ ၉။ "သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၂၇)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ "ချိုမြိန်ရသာမုန့်ကမ္ဘာ"
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၁၀)**
၂၀။ **အိန္ဒိယရုပ်ရှင် "လောဘသားကောင်ရဲ့ မရဏကစားပွဲ" (ဇာတ်သိမ်းပိုင်း)**
၂၁။ အစီအစဉ်ပြီး၏။

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၉-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၃၁၅၀ | ၀. ၀၃၁၉၃ |
| တရုတ် (ယွမ်) | ၆. ၃၄၂၅၀ | ၀. ၁၅၇၆၇ |
| အိန္ဒိယ (ရူပီး) | ၅၂. ၈၈၅၀ | ၀. ၀၁၈၉၁ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၈၁၀၀ | ၀. ၃၁၄၃၇ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၅၉၆ | ၀. ၇၆၅၇၂ |
| ဂျပန် (ယန်း) | ၇၇. ၉၁၄၆ | ၀. ၀၁၂၈၃ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၇၄. ၁၀ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၇၆၇၉၈ | ၁. ၃၀၂၁၂ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၄၁၇ | ၁. ၅၅၂၃၈ |

**အင်တာနက်။**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

၂၀၁၁ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၆ နာရီတွင် မကွေးတိုင်းဒေသကြီး အားကစားကွင်းရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်ဇနီး၊ တရားသူကြီး ဦးစိန်ထွန်းနှင့်ဇနီး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ပညာရေးကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရှိ ကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်/ရပ်ကွက် ၁၄ ရပ်ကွက်မှ ပြည်သူများ စုစုပေါင်းအင်အား ၁၂၅၆၅ ဦးတို့ တပျော်တပါးပါဝင် စုပေါင်းလမ်းလျှောက်ကြပြီး မကွေးခရိုင် အားကစားကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖန်ခါးမြေဂေါက်ကွင်း၌ ကျင်းပသော ၂၀၁၁ ခုနှစ် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ Smoke ball နှင့် ရွှေဘောလုံးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံတွင် တရားဝင်ချစ်ကြည်ရေးခရီး လည်ပတ်ရန်နှင့် စတုတ္ထအကြိမ်ဂျီအမ်အက်စ်ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့်ဇနီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၃၅ မိနစ်တွင် မန္တလေးမြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ကိုယ်စားလှယ်အဖွဲ့အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် ဗီယက်နမ်ဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဆီဒိုးနားဟိုတယ်၌ တွေ့ဆုံကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဗီယက်နမ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်နှင့် မဟာမုနိရုပ်ရှင်တော်မြတ်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အဆိုပါကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နေပြည်တော်သို့ ညနေ ၅ နာရီ ၁၀ မိနစ်တွင် ရောက်ရှိကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chu Cong Phung၊ ဂုဏ်ပြုတပ်ဖွဲ့၊ မင်္ဂလာစည်တိုယိမ်းနှင့် တိုင်းရင်းသား တိုင်းရင်းသူအကအဖွဲ့တို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းကိုယ်စားလှယ်အဖွဲ့တွင် ဝန်ကြီး ခြောက်ဦး၊ ဒုတိယဝန်ကြီး ၁၁ ဦးနှင့် အခြားကိုယ်စားလှယ်အဖွဲ့ ၇၄ ဦးတို့ လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကြိုဆိုနှုတ်ဆက်**

**ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီးနှင့်အဖွဲ့အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)



**ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်အား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် တာဝန်ရှိသူတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ယနေ့နံနက် ၉ နာရီ ၂၅ မိနစ်တွင် နေပြည်တော်လေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

အဆိုပါကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H. E. Mr. Sieng Bunvuth၊ ဂုဏ်ပြုတပ်ဖွဲ့၊ မင်္ဂလာစည်တိုယိမ်းနှင့် တိုင်းရင်းသား တိုင်းရင်းသူအကအဖွဲ့တို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းကိုယ်စားလှယ်အဖွဲ့တွင် ဝန်ကြီး ၁၀ ဦးနှင့် အခြားကိုယ်စားလှယ် ၂၇ ဦးတို့ လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် စစ်တွေမြို့၌ ဆေးရုံများနှင့် သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် စစ်တွေမြို့ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**နေပြည်တော် ဒီဇင်ဘာ ၁၉**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ပြင်ပလူနာဌာန၊ လူနာကုသဆောင်များ၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ညနေပိုင်းတွင် စစ်တွေမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ တာဝန်ခံနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် သင်တန်းကျောင်းမှမွေးထုတ်လိုက်သည့် သူနာပြု/ သားဖွားများသည် အရည်အသွေးပြည့်ဝမှသာ ပြည်သူလူထုအား သူနာပြုစုမှု အရည်အသွေးပြည့်ဝစွာ စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်သကဲ့သို့ သားဖွားဆရာမများ အနေဖြင့် ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဘေးအန္တရာယ်ကင်းစွာ မီးဖွားစေခြင်း၊ မိခင်/ကလေး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့တွင် အရည်အသွေးပြည့်ဝစွာ စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေစဉ်တွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုနှင့် ဆက်ဆံသည့်အခါ နာ(၄)နာကို ရင်ဝယ်ပိုက်ကာ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စစ်တွေတိုင်းရင်းဆေးရုံတွင် ပြင်ပလူနာဌာနနှင့် လူနာကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်၊ တာဝန်ခံ ဆရာ၊ ဆရာမများ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြန်မာ့တိုင်းရင်းဆေးဖြင့် ကျေးလက်နေပြည်သူလူထုအား ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စွမ်းစွမ်းတမံဆောင်ရွက်ကြရန်နှင့် မြန်မာ့တိုင်းရင်းဆေး အဆင့်အတန်း ပိုမိုမြင့်မားရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပရေး ပေါင်းစပ်ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပနိုင်ရေး၊ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား /အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲကျင်းပရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ယမန်နှစ်ပြိုင်ပွဲ အတွေ့အကြုံများနှင့် အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဌာနခွဲတာဝန်ခံများ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနများမှ အားကစားတာဝန်ခံအရာရှိများက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မန္တလေးကုန်စည်ဈေးနှုန်း

**၁၉-၁၂-၂၀၁၂**

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၆၈၅၀၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၆၈၃၀၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၁၅၀၀၀ |

**ဆန်ဈေး**

**(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဧည်ယာ(ဟောင်း) | ၂၁၅၀၀ |
| ဧည်ယာ(သစ်) | ၁၅၅၀၀ |
| ငစိန် | ၁၄၀၀၀ |
| ရောမင်း(ဟောင်း) | ၂၆၀၀၀ |
| သုခ-မတ္တရာ | ၁၃၀၀၀ |
| ရွှေသွယ် | ၁၂၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၂၀၀/၃၆၀၀ |
| နှမ်းဆီ | ၂၃၀၀/၂၇၀၀ |
| ပန်းနှမ်းဆီ | ၂၆၀၀/၂၆၅၀ |
| နေကြာဆီ | ၂၃၀၀/၂၄၀၀ |
| မုန်ညင်းဆီ | ၂၇၀၀/၂၇၀၀ |
| ပဲပုတ်ဆီ | ၁၉၀၀/၁၉၅၀ |
| ဝါစေ့ဆီ | ၁၇၀၀/၁၇၅၀ |
| စားအုန်းဆီ | ၁၈၀၀/၁၈၂၀ |
| ကြက်ဆူဆီ | ၃၀၀၀ |

**သကြားဒိုင်ဈေးနှုန်း**

| | |
|---|---|
| ခါသကြား | ၆၈၀/၆၉၀/၇၀၀ |
| ပွတ်သား | ၅၅၀/၅၆၀/၅၇၀ |
| ခါရေ | ၂၇၀/၂၈၀/၂၉၀ |
| ပေါင်းရေ | ၂၃၀/၂၆၀ |

**စက်သုံးဆီ**

| | |
|---|---|
| ရေနံစိမ်း ၁၀၄ ဒသမ ၂၀ ဒေါ်လာ (တစ်စည်) | |
| ဓာတ်ဆီ(တစ်ဂါလန်) | ၂၅၀၀/၄၅၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၃၄၀၀/၃၆၀၀ |

**(၀၀၂)**

# ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁၉**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ညနေ ၄ နာရီ ၂၅ မိနစ်တွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မျိုးမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apirath Vienravi၊ ဂုဏ်ပြုတပ်ဖွဲ့၊ မင်္ဂလာစည်တိုယိမ်းနှင့် တိုင်းရင်းသား တိုင်းရင်းသူအကအဖွဲ့တို့က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းကိုယ်စားလှယ်အဖွဲ့တွင် ဒုတိယဝန်ကြီးချုပ် H.E. Mr. Kittiratt Na-Ranong၊ ဝန်ကြီးငါးဦး၊ ဒုတိယဝန်ကြီး ခြောက်ဦးနှင့် အခြားကိုယ်စားလှယ် ၃၇ ဦးတို့ လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကြိုဆိုနှုတ်ဆက်**

**ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်အား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တာဝန်ရှိသူတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)




**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်နှင့်အဖွဲ့အား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် တာဝန်ရှိသူတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မျိုးမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Nilahath SAYARATH၊ ဂုဏ်ပြုတပ်ဖွဲ့၊ မင်္ဂလာစည်တိုယိမ်းနှင့် တိုင်းရင်းသား တိုင်းရင်းသူအကအဖွဲ့တို့က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းကိုယ်စားလှယ်အဖွဲ့တွင် ဝန်ကြီးတစ်ဦး၊ ဒုတိယဝန်ကြီး သုံးဦးနှင့် အခြားကိုယ်စားလှယ် ၂၄ ဦးတို့ လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတိုက်ပင်းကော် ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မျိုးမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ မင်္ဂလာစည်တိုယိမ်းနှင့် တိုင်းရင်းသား တိုင်းရင်းသူအကအဖွဲ့တို့က နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် ဝန်ကြီးတစ်ဦး၊ ဒုတိယဝန်ကြီး ခုနစ်ဦးနှင့် အခြားကိုယ်စားလှယ် ၃၁ ဦးတို့ လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူတို့က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၀-၁၂-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၃ | ၁။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၅ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာ့ရှုခင်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၀ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | ဇာတ်လမ်းတို |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၄ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၁၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | ၅။ | မြန်မာ့ရှုခင်း |
| ၄း၃၅ | ၆။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၄း၄၅ | ၇။ | အင်္ဂလိပ်စာသုတ |
| ၄း၅၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၀၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၁၀။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း -၆၄)** |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ | Guide For You |
| ၆း၃၀ | ၁၄။ | အောင်မြင်ခြင်းလမ်းမ |
| ၇း၀၀ | ၁၅။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၈၁)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | ဒို့တာဝန်အရေး(၃)ပါး |
| | ၁၉။ | နိုင်ငံတကာသတင်း |
| | ၂၀။ | မိုးလေဝသသတင်း |
| | ၂၁။ | တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေး |
| | ၂၂။ | ဟာသရုပ်စုံ |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၂၁)** |
| | ၂၅။ | Mini Series |

# ထိုင်းဘုရင့်မြေးတော် ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ထိုင်းဘုရင့်မြေးတော် H. R. H Princess Bajrakitiyabha နှင့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၅ နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Kallayana Vipattipumiprates နှင့် သံရုံးမိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

# အင်းစိန်မြို့နယ်၌ ဒီဇင်ဘာ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဒီဇင်ဘာ အားကစားတတိယပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၅ နာရီတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်သိန်းတို့ ဦးဆောင်ပြီး ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်း ၁၀၀၀ ကျော်တို့သည် အင်းစိန်ပန်းခြံလမ်းဆုံစုရပ်မှ အောင်ဇေယျတံတား စုရပ်အထိ လမ်းလျှောက်ကြပြီး အောင်ဇေယျတံတားစုရပ်တွင် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။ (၆၈၄)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဂျီအမ်အက်စ် နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ အနုပညာရှင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဂျီအမ်အက်စ်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် အဆင့်မြင့် ကိုယ်စားလှယ်များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Banquet Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဂုဏ်ပြုညစာစားပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ အနုပညာရှင်များက တေးသံသာများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြစဉ်။

(သတင်းစဉ်)

## သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ်(၃)ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

သာသနာရေးဝန်ကြီးဌာနသည် ဗုဒ္ဓဘာသာနှင့် အခြားဘာသာရေးဆိုင်ရာ လုပ်ငန်းများကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများနှင့်ပါ ဆက်သွယ်ဆောင်ရွက်ရလျက်ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ကဏ္ဍပေါင်းစုံဆက်သွယ်ရာတွင် ထိရောက်အရေးပါသော အချက်တစ်ချက်သည် ဘာသာစကားပင်ဖြစ်ကြောင်း၊ ယင်းကြောင့် သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံတကာသုံးဖြစ်သော ဘာသာစကားကို ကျွမ်းကျင်ရန် အထူးလိုအပ်လျက်ရှိခြင်းကြောင့် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဝန်ကြီးဌာန(ရုံးချုပ်)၌ ကျင်းပသည့် သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်းအမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငြေးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သာသနာရေးဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၅၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



နိုင်ငံ
တကာ
ရုပ်ရှင်
အနုပညာ
ရုပ်ဝန်း



...ပိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဂျီအမ်အက်စ် ...ကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ... အနုပညာရှင်များ စုပေါင်းမှတ်တမ်းတင် (သတင်းစဉ်)



# ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များအား ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဂျီအမ်အက်စ်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Banquet Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

...နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ...ရအဖွဲ့အကြီးအကဲများနှင့် ...များအား နေပြည်တော်ရှိ ...ဗင်းရှင်းဗဟိုဌာန (MICC) ...ပြုညစာဖြင့် တည်ခင်း ... (သတင်းစဉ်)

...ပိန်းစိန် ဂုဏ်ပြုညစာစားပွဲသို့ ...ိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ...တ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

...န်ကြားရေးဝန်ကြီးဌာနနှင့် ...အနုပညာရှင်များက တေးသံ ...ဖျော်ဖြေမှုအကပဒေသာများဖြင့် ... (သတင်းစဉ်)







**နိုင်ငံ တကာ ရုပ်ရှင် အနုပညာ ရုပ်ဝန်း**

## ၂၀၁၂ ခုနှစ်တွင် ပေးအပ်မည့် ရွှေကမ္ဘာလုံးဆု အမည်စာရင်းများ ထုတ်ပြန်ကြေညာ

၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် (၆၉)ကြိမ်မြောက် ရွှေကမ္ဘာလုံးဆု ရုပ်ရှင်ဆုပေးပွဲအတွက် အမည်စာရင်း တင်သွင်းခံရသော ရုပ်ရှင်ဆုအမျိုးအစားအလိုက် ဆုများစာရင်းကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

အလွမ်းအသော ဇာတ်ကားအနေဖြင့် The Descendants၊ The Help၊ Hugo၊ The Ides of March၊ Moneyball နှင့် War Horse ဇာတ်ကားတို့က အမည်စာရင်း တင်သွင်းခံခဲ့ရသည်။

ဟာသဇာတ်ကားအနေဖြင့် 50/50၊ The Artist၊ Bridesmaids၊ Midnight in Paris နှင့် My Week with Marilyn ဇာတ်ကားတို့က ရေပန်းစားလျက်ရှိသည်။

အလွမ်းအသောဇာတ်ကား အမျိုးသားဇာတ်ဆောင်ဆုအနေဖြင့် The Descendants ဇာတ်ကားမှ ဂျော့ကလူနေး၊ J.Edgar ဇာတ်ကားမှ လီယိုနာဒို၊ Shame ဇာတ်ကားမှ မိုက်ကယ် ဖက်စ်ဘန်ဒါ၊ The Ides of March ဇာတ်ကားမှ ရိုင်ယန်ဂိုးစလင်းနှင့် Moneyball ဇာတ်ကားမှ ဘရက်ဒ်ပစ်တို့က အမည်စာရင်း တင်သွင်းခံရပြီး အမျိုးသမီးဇာတ်ဆောင်ဆုအနေဖြင့် Albert Nobbs ဇာတ်ကားမှ ဂျီလန်းကလို့စ်၊ The Help ဇာတ်ကားမှ ဗီအိုလာဒေးဗစ်၊ The Girl with the Dragon Tattoo ရွန်နေးမာယာ၊ The Iron Lady ဇာတ်ကားမှ မာရယ်လ်စထရီနှင့် We need to Talk About Kevin ဇာတ်ကားမှ တီလ်ဒါဆွင်တန်တို့က အမည်စာရင်း တင်သွင်းခံခဲ့ရသည်။

ဒါရိုက်တာဆုအနေဖြင့် Midnight in Paris ဇာတ်ကားရိုက်ကူးခဲ့သူ ဝူဒီအလန်း၊ The Ides of March ဇာတ်ကား ဒါရိုက်တာ ဂျော့ကလူနေး၊ The Artist ဇာတ်ကားရိုက်ကူးသူ မစ်ချယ် ဟာဇနာဗစ်စီယက်စ်၊ The Descendants ဇာတ်ကားဒါရိုက်တာ အလက်ဇန္ဒြားပေးနီနှင့် Hugo ဇာတ်ကားရိုက်ကူးခဲ့သူ မာတင်စကော်စ်ဆီတို့က အမည်စာရင်းတင်သွင်းခံခဲ့ရသည်။

ဟာသဇာတ်မြူးအနေဖြင့် အမျိုးသမီးဇာတ်ဆောင်ဆုကို Carnage ဇာတ်ကားမှ ဂျိုဒီဖော်စတာနှင့် ကိတ်ဝင်းစလက်၊ Young Aduld ဇာတ်ကားမှ ချာလီဇီသရွန်၊ Bridesmaids ဇာတ်ကားမှ ခရစ္စတန် ဝစ်ဂ်နှင့် My Week wiht Marilyn ဇာတ်ကားမှ မစ်ချယ်လီ ဝီလျံတို့က အမည်စာရင်းတင်သွင်းခံခဲ့ရသည်။

၂၀၁၁ ခုနှစ်အတွက် (၆၉) ကြိမ်မြောက် ရွှေကမ္ဘာလုံးရုပ်ရှင်ဆု ချီးမြှင့်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ဘာဗလီဟေးလ်တွင်ရှိသည့် ဘာဗလီဟီလ်တန်ဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်သည်။

**(အေဝမ်းစိုး)**

## တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ မချမ်းဘောမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

## အထူးအယူခံခုံရုံး ရုံးထိုင်စီရင်ချက်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးစိုးညွန့်နှင့် ဦးအောင်ဇော်သိန်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ရုံးထိုင်၍ တရားမအထူးအယူခံမှု ရှစ်မှုကို စီရင်ချက်ချမှတ်ခဲ့ပြီး ပြစ်မှုအထူးအယူခံမှုခြောက်မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ(တတိယပတ်) အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ (တတိယပတ်) အခမ်းအနားကို ယနေ့နံနက် ၅ နာရီတွင် မော်လမြိုင်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ စုရပ်အသီးသီး၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ လမ်းလျှောက်ကြပြီး ကိုယ်ကာယလေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ကြသည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မရမ်းကုန်းရပ်ကွက်စုရပ် လူထုလမ်းလျှောက်ပွဲသို့ တက်ရောက်၍ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စုပေါင်းလမ်းလျှောက်ခြင်း၊ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်နေခြင်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အောက်ကျင်းရပ်ကွက်နှင့် ဖက်တန်းရပ်ကွက်တို့၏ ကမ်းနားလမ်း Strand Hotel အနီး ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းလုပ်ဆောင်နေမှု၊ ကျိုက်ဖနဲရပ်ကွက်မှ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ တောင်ရိုးတန်းလမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ခြင်းနှင့် ဦးခန္တီဘုရားအနီး ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်နေခြင်းတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ တောင်ရိုးတန်း စိမ်းလန်းသာယာရေးအတွက် ရှခင်းသာ၌ လုပ်အားပေးဆောင်ရွက်နေမှုနှင့် ဆံတော်ရှင် ဦးဇိနဘုရားပတ်ဝန်းကျင်၌ မွန်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာသည့် KNLA ဗဟိုမှ ဗိုလ်ကြီးအဆင့်ရှိ ကော်ဂေထွန်း လက်နက်များကို အပ်နှံစဉ်။ (သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာ ဥပဒေရေးရာသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အမျိုးသမီးများ အခွင့်အရေးဆိုင်ရာ ဥပဒေရေးရာသင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်က ပုဇွန်တောင်မြို့နယ်ရှိ Orchid Hotel ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး**(ယာပုံ)**က အမှာစကားပြောကြားပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်ထံသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ပုဇွန်တောင်မြို့နယ်တို့မှ အသင်းဝင် အဆိုပြုလွှာအစောင် ၁၅၀ ကို ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၆၈ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားရိုးရာ အစားအစာဈေးရောင်းပွဲတော်သို့ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ထွေ/အုပ်)



## နိုင်ငံတော်နှင့်တပ်မတော်၏ သဘောထားနှင့် စေတနာအမှန်ကို သိမြင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံတော်နှင့်တပ်မတော်တို့၏ သဘောထားနှင့် စေတနာအမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့များသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု အေးချမ်းသာယာရေးဆောင်ရွက်ရန် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ရင်ခွင်သို့ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိသည်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ဒီဇင်ဘာ ၁၆ ရက်တွင် KNLA ဗဟိုမှ ဗိုလ်ကြီးအဆင့်ရှိ ကော်ဂေထွန်း ဦးစီးအင်အား ၂၇ ဦးသည် ပစ္စတိုတစ်လက်၊ ပွိုင့်-၂၂ ခြောက်လုံးပြူး တစ်လက်၊ အေကေ-၄၇ ရှစ်လက်၊ အမ်-၁၆ ၁၁ လက် စုစုပေါင်း ၂၁ လက်၊ အမ်-၁၆ ကျည် ၅၀၀၀ တောင့်၊ ၄၀မမ ဗုံးသီး ၄၀ လုံး၊ ပစ္စတိုကျည် တစ်တောင့်၊ ခြောက်လုံးပြူးကျည် ၁၃ တောင့်၊ အေကေ ကျည်အိမ် ရှစ်ခု၊ အမ်-၁၆ ကျည်အိမ် ၁၂ ခုတို့ဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့သည်။

အဆိုပါ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့သူများအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မိုးကောင်းမြို့နယ် ထိုပူးဘူတာနှင့် ဆားမော်ဘူတာအကြား ပေါက်ကွဲမှုများဖြစ်ပွား KIA ယူနီဖောင်းဝတ် အလောင်း(၂)လောင်းနှင့် လက်နက်ခဲယမ်းများတွေ့ရှိ ရထားလမ်းပြန်လည်ပြုပြင်နိုင်ခဲ့ပြီဖြစ်၍ မီးရထားများပုံမှန်သွားလာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ထိုပူးဘူတာနှင့် ဆားမော်ဘူတာအကြား၌ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပေါက်ကွဲမှု(၅)ကြိမ်ဆက်တိုက်ဖြစ်ပွားခဲ့ရာ မိုင်တိုင်အမှတ် (၆၇၈/၁၁)နှင့် (၆၇၈/၁၄)တို့အကြား အရှေ့ဘက်ခြမ်းရှိ သံလမ်းဆက်(၄)ခု၊ အနောက်ဘက်ခြမ်းရှိ သံလမ်းဆက်(၁)ခု ပြုတ်ထွက်ပြတ်တောက်ပျက်စီးသွားပြီး ကွန်ကရစ်ဇလီဖားတုံးများ ပျက်စီးသွားခဲ့သည်။

ပေါက်ကွဲမှုများဖြစ်ပွားရာအနီး သံလမ်းအရှေ့ဘက်ခြမ်း ပေ ၂၀ ခန့် အကွာ၌ KIA ယူနီဖောင်းဝတ်တစ်ဦးအား ဝဲဘက်လက်တံတောင်ဆစ်ပြတ်၊ ဝဲဘက်ပေါင်ရင်းမှပြတ်၍ သေဆုံးလျက်တွေ့ရှိရပြီး ၎င်းထံမှ သိမ်းဆည်းရရှိသော စာရွက်စာတမ်းအထောက်အထားများအရ KIA ရင်း(၁၁)မှ တပ်ကြပ်အဆင့်ရှိ မဒီလှအောင်ဖြစ်ကြောင်း သိရှိရသည်။ ၎င်းရုပ်အလောင်းနှင့်အတူ အမ်-၂၂ကျည်အိမ်(၂)ခု၊ ၎င်းကျည်(၉)တောင့်၊ အီနာဂါ ဗုံးသီး (၃)လုံး၊ ခရာကြိုးပါ(၁)စုံ၊ Kenwood အမျိုးအစား လက်ကိုင်စကားပြောစက်(၁)လုံး၊ အရိုးအသွား ၁၄ လက်မခန့်ရှိ ဓားအိမ်ပါ ကချင်ဓား(၁)ချောင်းတို့ကို သိမ်းဆည်းရမိသည်။

အလားတူ သံလမ်းအရှေ့ဘက်ခြမ်းကိုက် ၅၀ ခန့်အကွာ၌လည်း KIA ယူနီဖောင်းဝတ်တစ်ဦးအား မျက်လုံး(၂)လုံးထွက်၊ မျက်နှာစုတ်ပြဲ၊ လက်နှစ်ဖက်စလုံးအရင်းမှ ပြုတ်ထွက်၊ ဝဲဘက်ခြေထောက်ပြုတ်ထွက်ပြီး သေဆုံးလျက် ထပ်မံတွေ့ရှိရသည်။ ၎င်းအနီးမှ အမ်-၂၂ ကျည်အိမ်(၁)ခု၊ ၎င်းကျည်(၅)တောင့်၊ အီနာဂါ ဗုံးသီး(၁)လုံး၊ လက်ပစ်ဗုံး(၂)လုံးနှင့် ပြုလုပ်ထားသော တိုက်မိုင်း(၁)လုံးတို့ကို သိမ်းဆည်းရမိသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နေရာပတ်ဝန်းကျင်အား လုံခြုံရေးတပ်ဖွဲ့များက လိုက်လံရှင်းလင်းလျက်ရှိပြီး ပျက်စီးသွားသော မီးရထားသံလမ်းနှင့် ဇလီဖားတုံးများကို တာဝန်ရှိသူများက ချက်ချင်းပြင်ဆင်ဆောင်ရွက်ခဲ့ရာ ယခုအခါ မီးရထားများ ပုံမှန်သွားလာနိုင်ပြီ ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)



**မိုးကောင်းမြို့နယ် ထိုပူးဘူတာနှင့် ဆားမော်ဘူတာအကြား၌ ပေါက်ကွဲမှုကြောင့် မိုင်တိုင်အမှတ် (၆၇၈/၁၁)နှင့်(၆၇၈/၁၄)တို့အကြား အရှေ့ဘက်ခြမ်းရှိ သံလမ်းဆက် တစ် ခု ပြုတ်ထွက်ပြတ်တောက်ပျက်စီးသွားသည်ကို တွေ့ရစဉ်။**
(သတင်းစဉ်)



**ပေါက်ကွဲမှုဖြစ်ပွားရာ အနီး သံလမ်း အရှေ့ဘက်ခြမ်းပေ ၂၀ ခန့် အကွာ၌ သေဆုံးလျက်ရှိသည့် KIA ရင်း(၁၁)မှ တပ်ကြပ်အဆင့်ရှိ မဒီလှအောင်အား တွေ့ရစဉ်။**
(သတင်းစဉ်)

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

## ကဏ္ဍစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချို့ထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H. E. Mr. Sieng Bunvuth တက်ရောက်သည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး၊ ကဏ္ဍစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံဆက်ဆံရေး၌ ဆွေမျိုးပေါက်ဖော်အဆင့်မှ ဘက်စုံမဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံအဖြစ်တိုးမြှင့်နိုင်ခဲ့မှု၊ ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❐